# နွေဦးအသံ
the voice of spring

20.4.2021 · Tuesday · No . 15 · Daily News Pamphlet


## အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ ကာကွယ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ပြည်သူ့တပ်မတော်ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်းသိရ

သတင်းတို — ရင်းမြစ် – **NUG** မှ

## မြင်းခြံမြို့ကို အကြမ်းဖက်ဖြိုခွဲတိုက်ခိုက်နေသဖြင့် ပြန်လည်ခုခံရာ စစ်အုပ်စုဘက်မှ (၆)ဦး သေဆုံးခဲ့ပြီး ပြည်သူများဘက်ကလည်း ထိခိုက်ကျဆုံးမှုများရှိကာ အလောင်းများပင်ကောက်၍မရသေးဟုသိရ

သတင်းတို — ရင်းမြစ် – ခေတ်သစ် မှ

## အာဆီယံမြန်မာ့အရေးဆွေးနွေးပွဲ တက်ခွင့်ပြုဖို့ အာဆီယံအဖွဲ့ကို NUG အစိုးရ တိုက်တွန်းခဲ့

သတင်းတို — ရင်းမြစ် – **RFA** မှ

## မန္တလေးဆိုင်ကယ်သပိတ်ကို ကားနှင့်တိုက်၍ အဖြိုခွဲခံရပြီး ထိခိုက်ဒဏ်ရာရသူများပြားခဲ့

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

## NUG အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန ပထမဦးဆုံးအကြိမ်အစည်းအဝေး ပြုလုပ်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့

သတင်းတို — ရင်းမြစ် – **NUG** မှ

# အကြမ်းဖက်ဖြိုခွဲနေသော်လည်း ချီတက်ဆန္ဒဖော်ထုတ်မှုများ ပိုမိုအားကောင်းလျက်ရှိ

## စစ်ကိုင်း၊ မင်းကင်း-ကနီရှိ ဒေသခံများက စစ်အုပ်စုကို တူမီးသေနတ်ဖြင့်ခုခံလျက်ရှိ

သတင်းတို — ရင်းမြစ် – မြန်မာနောင်း မှ

## သရုပ်ဆောင်မျိုးသန္တာထွန်း ရန်ကုန်လေဆိပ်၌ ဖမ်းဆီးခံရ

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

## လှိုင်ကော်၊ နာနတ်တော ရပ်ကွက်ရှိအတားအဆီးများကို စစ်အုပ်စုက ပစ်ခတ်ဖယ်ရှားခဲ့

သတင်းတို — ရင်းမြစ် – ဧရာဝတီ မှ




ဧပြီ ၁၉ ရက်၊ မိတ္ထီလာမြို့၌ ချီတက်ဆန္ဒဖော်ထုတ်ခဲ့သည့် ပင်မသပိတ်စစ်ကြောင်းကိုတွေ့ရစဉ် -(ဓါတ်ပုံ - **CJ** )

## ရန်ကင်းမှ ဖမ်းဆီးခံလူငယ်များ နှိပ်စက်ခံထားရသဖြင့် စစ်အုပ်စုကို ရွံရှာစွာ ဝေဖန်ရှုတ်ချနေကြ

သတင်းတို — ရင်းမြစ် – နွေဦးအသံ မှ

## ဖားကန့်ရှိ စစ်အုပ်စု၏ တန်ဂေါင်စခန်းကို KIA မှဆက်လက်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့

သတင်းတို — ရင်းမြစ် – ခေတ်သစ် မှ

## ပဲခူး၊ ဆင်ဖြူကွင်းသုသာန်ရှိ နွေဦးတော်လှန်ရေးသူရဲကောင်းဗိမာန်ကို ဖိအားပေးဖယ်ရှားလျက်ရှိ

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

## စစ်သင်တန်းတက်ပြီး ပြန်လာသည်ဟုစွပ်စွဲကာ လူငယ်(၁၈)ဦး ပဲခူး၊ ရွှေကျင်မြို့တွင်အဖမ်းခံရ

သတင်းတို — ရင်းမြစ် – ခေတ်သစ် မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်း မှတ်စု

ဧပြီလ (၁၉) ရက်၊ ၂၀၂၁

- နိုင်ငံခြားသင်္ဘောပေါ်တွင် လုပ်သက်ပြည့်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော သင်္ဘောသားများအား Quarantine Hotel တစ်ခုတွင် ထားရှိရာ ဟိုတယ်ခန်းအတွင်းသို့ သံပုံးတီးသောကြောင့်ဟုဆိုကာ အကြမ်းဖက်စစ်အုပ်စုက ဧပြီ ၁၈ ရက် ညပိုင်းမှာဝင်ရောက်ပြီး သင်္ဘောသားများအား နှံရိုးကျိုးသည်အထိ ရိုက်နှက်ကာ လစာဒေါ်လာငွေကြေးတချို့ကိုလည်း လုယက်သွားကြောင်း သိရ။
- မြင်းခြံမြို့၌ ဧပြီ ၁၈ ရက်နေ့တွင် အကြမ်းဖက်စစ်အုပ်စု၏ ဝင်ရောက်ပစ်ခတ်မှုကို ဒေသခံ ပြည်သူများက ပြန်လည်ခုခံရာ စစ်အုပ်စုတပ်သား ၆ ယောက်သေဆုံး၍ ၁၃ ယောက် ဒဏ်ရာ ရရှိခဲ့ပြီး အမှတ်(၄) ရပ်ကွက်ရှိ အိမ်များနှင့်ဆိုင်ကယ်များကို စစ်အုပ်စုက မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပြီး ဧပြီ(၁၉) ရက်နေ့အထိ အခြေအနေမှာ ပြင်းထန်ဆိုးဝါးလျက်ရှိကြောင်း သိရ။
- မြန်မာစစ်တပ်နှင့်ရဲများမှ အရပ်သားပြည်သူများကို အကြမ်းဖက်ကျူးလွန်သည့် ဖြစ်ရပ်များကို မိမိတို့မှ အပြင်းအထန်ရှုတ်ချပြီး အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရေး၊ ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးရေးနှင့် ဒီမိုကရေစီ အမြန်ဆုံး ပြန်လည်အသက်သွင်းရေးအတွက် အမေရိကန်နှင့် ဂျပန်မှ အာဏာလုအကြမ်းဖက်စစ်အုပ်စုကို ဆက်လက်ဖိအားပေးမည်ဟု ပူးတွဲပြောဆို ကတိပေးခဲ့။
- အာဏာလုအကြမ်းဖက်စစ်အုပ်စုကို လူရာသွင်းရန်ကြိုးပမ်းနေသည့် အာဆီယံအဖွဲ့ကို အပြင်းအထန်ရှုတ်ချကန့်ကွက်ကြောင်း ၈၈ ငြိမ်းပွင့်မှ ကြေညာချက်ထုတ်ပြန်ခဲ့။
- မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်လာသူများကို အိမ်နီးချင်းနိုင်ငံများက ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ကြောင်း ကုလ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာအထူးအစီရင်ခံစာတင်သွင်းသူက တိုက်တွန်းခဲ့။
- ရန်ကုန်မြို့၊ နေအိမ်၌ ဒုတိယအကြိမ် ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရသည့် ဂျပန်လူမျိုး သတင်းထောက် ယူကီကီတာဇူမီ ကို ပြန်လွှတ်ပေးရန် တောင်းဆိုထားကြောင်း ဂျပန်အစိုးရ ပြောကြား။
- နေ့လည် တနာရီခွဲဝန်းကျင်၌ သာကေတ ခိုင်ရွှေဝါရပ်ကွက်ရုံး မီးလောင်ကျွမ်း ပြာကျခဲ့ကြောင်းသိရ။
- ရွှေဘိုမြို့နယ်၊ သီလုံးကျေးရွာတွင် အကြမ်းဖက်စစ်အုပ်စု ရောက်ရှိနေပြီး ၄ ရက်အတွင်း ဖမ်းဆီးခံရသူ ၁၀၀ ကျော်ရှိသည်ဟု သိရ။
- ညောင်ဦးမြို့ ပင်ပသပိတ်စစ်ကြောင်းကို အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်ဖြိုခွင်းခဲ့ပြီး လူငယ် (၉)ဦး ဖမ်းဆီးခံခဲ့ရ။
- မြင်းခြံမြို့ပေါ်တွင်အကြမ်းဖက်ပစ်ခတ်နေ၍ နေ့စဉ်ထွက်ရှိသော သပိတ်စစ်ကြောင်းများမှာ မထွက်နိုင်သဖြင့် ကျေးရွာသပိတ်များသို့ သွားရောက် ပူးပေါင်းကာ ဧရာဝတီမြစ်ထဲတွင် စက်လှေများဖြင့် လှည့်လည်ခဲ့ကြ။
- အင်းစိန်၊ အရှေ့ကြို့ကုန်းရှိ သပိတ် စစ်ကြောင်းမှ လူငယ်(၂၀)ကျော် ဖမ်းဆီးခံခဲ့ရ။
- CDM လှုပ်ရှားမှုကြောင့် ၂ လကျော် ရပ်ဆိုင်းထားရသော ပြည်တွင်းပုဂ္ဂလိက ဘဏ်ကြီးအများစုသည် ဧပြီ ၂၀ ရက်နေ့တွင် ဘဏ်ခွဲတချို့ကို ပြန်လည် ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိ။
- ကချင်ပြည်နယ်- မိုးညှင်းမြို့ရှိ သပိတ်စစ်ကြောင်းမှ လူငယ်နှစ်ဦး ဖမ်းဆီးခံခဲ့ရ။
- ပုသိမ်မြို့။ စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်။ ဖားကန့်-ဆိုင်းတောင်ရွာ တို့၌ ဆိုင်ကယ်သပိတ်ကို ပြုလုပ်ခဲ့ကြ။
- ဖျာပုံမြို့။ အမရပူရမြို့နယ်။ ဟသ်ာတမြို့တို့၌ လူမဲ့သပိတ်ကို ပြုလုပ်ခဲ့ကြ။
- သပိတ်မှတ်စု
- ရန်ကုန်-တောင်ဒဂုံ၊ သန်လျင်၊ မြောက်ဒဂုံ၊ လှိုင်၊ တာမွေ။ ဖားကန့်-တာမခန်မြို့သစ်။ လောင်းလုံးမြို့နယ်-မဲမော်၊ ညင်းမော်၊ လေးသွန်းခံ၊ ကထောင်းနီ၊ ကညံ့ကျွန်း ကျေးရွာများ။ ခနဖြူမြို့။ ထားဝယ်။ ကချင်ပြည်နယ်-မိုးကောင်းမြို့၊ မိုးညှင်းမြို့။ ရွှေဘိုမြို့။ မိတ္ထီလာမြို့။ပခုက္ကူမြို့။ ရေဖြူမြို့နယ်-ကံပေါက်ကျေးရွာ။ စစ်ကိုင်း- ကလေးမြို့၊ စစ်ကိုင်းမြို့၊ မုံရွာမြို့နယ် ရွာပေါင်းစုံ၊ ဒီပဲယင်း-မရကန်ရွာ၊ ရေဦးမြို့၊ ကသာမြို့။ ဗန်းမောက်မြို့။ ဖားကန့်မြို့နယ်-အေးမြသာယာ။ နေပြည်တော်။ ဒီမော့ဆိုမြို့နယ်။ မန္တလေး-အမရပူရ၊ ပြည်ကြီးတံခွန်။ မိုးကုတ်။ သီပေါမြို့။ နမ္မတီးမြို့။ ဘာအံမြို့နယ်၊ အိန္ဒုစံပြကျေးရွာ။ ချောက်မြို့။ စလေမြို့။ ပုဂံ။ ရှမ်းပြည်နယ်-ကွတ်ခိုင်မြို့။ ကမ္မမြို့။ ပေါင်မြို့။ မြိတ်မြို့ စသည့် မြို့အသီးသီးတို့၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ် – ခေတ်သစ်၊ဧရာဝတီ၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၁၈)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၃၇ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၃၂၂၉ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၉၃၀ ဦး

ရင်းမြစ် – အေအေပီပီမှ



ဧပြီ (၁၉) ရက်၊ ရန်ကုန်၊ ကမာရွတ်မြို့ရှိ လူငယ်များ ပြုလုပ်ခဲ့သည့် စက္ကူသပိတ်မှ လှုပ်ရှားမှုတခုကို တွေ့ရစဉ်

**အရေးတော်ပုံ မုချ အောင်ရမည်**

ညော့ စာရင်း တိုင် မယ်ဆို CDM တွေကို အားနာပါ


www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com

နွေဦးအသံ
the voice of spring

20.4.2021 · Tuesday · No . 15 · Daily News Pamphlet